မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 6 , 2026 Volume 99 , Number 5

၆. ၂. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၆.၇၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၉.၁၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၅၁.၀၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၄.၆၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၁.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၃၇ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## အိန္ဒိယ၏ မတ်ပဲတင်သွင်းမှု မြင့်တက်လာသဖြင့် မြန်မာနိုင်ငံအတွက် ဈေးကွက်ဝေစု ပိုမိုရရှိနိုင်



အိန္ဒိယနိုင်ငံရဲ့ မတ်ပဲတင်သွင်းမှု မြင့်တက်လာတာကြောင့် အဆိုပါသီးနှံကို အဓိက စိုက်ပျိုးထုတ်လုပ်တင်ပို့နေတဲ့ မြန်မာနိုင်ငံအတွက် ဈေးကွက်ဝေစု ပိုမိုရရှိနိုင်မဲ့ အလားအလာကောင်းတွေရှိနေကြောင်း The Hindu Business Lines ရဲ့ သတင်းတစ်ရပ်ကို ကိုးကားပြီး MyanTrade က ဖော်ပြပါတယ်။

အိန္ဒိယပဲမျိုးစုံနှင့် နှံစားသီးနှံအသင်း (IPGA) ရဲ့ အဆိုအရ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ မတ်ပဲ (Urad) တင်သွင်းမှုမှာ တန်ချိန် ၉ ဒသမ ၈၆ သိန်းခန့်ရှိပြီး ပြီးခဲ့တဲ့ ကာလတူထက် ၄၂ ရာခိုင်နှုန်း မြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။

သို့ပေမဲ့ ပဲစင်းငုံတင်သွင်းမှု ၇ ဒသမ ၇၁ ရာခိုင်နှုန်းခန့် အနည်းငယ်လျော့ကျနေခြင်းနဲ့ အိန္ဒိယနိုင်ငံရဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲနဲ့ပဲနီလေး စိုက်ပျိုးဧရိယာတွေ တိုးတက်လာခြင်းတို့ကြောင့် လာမဲ့ဘဏ္ဍာနှစ်အတွက် တင်သွင်းမှုမူဝါဒတွေ ပြောင်းလဲလာနိုင်ပါတယ်။

စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အမြန်ခန့်မှန်းချက်တွေအရ ယခုဘဏ္ဍာနှစ် ဧပြီလမှဒီဇင်ဘာလအထိ ပဲမျိုးစုံတင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂

ဒသမ ၅၂၅ ဘီလီယံရှိပြီး ပြီးခဲ့တဲ့နှစ် ကာလတူထက် ၃၃ ဒသမ ၃၃ ရာခိုင်နှုန်းလျော့ကျသွားပါတယ်။

"ပြီးခဲ့တဲ့နှစ်မှ လက်ကျန်ပမာဏ အများအပြားကျန်ရှိနေခြင်းကလည်း တင်သွင်းမှုလျော့ကျရခြင်းရဲ့ အကြောင်းရင်းတစ်ခုဖြစ်တယ်လို့ ထင်မြင်မိပါတယ်"လို့ အိန္ဒိယပဲမျိုးစုံနှင့်နှံစားသီးနှံအသင်း (IPGA) ရဲ့ ဥက္ကဋ္ဌဖြစ်သူ Bimal Kothari က ပြောပါတယ်။

ဒါ့ကြောင့် မြန်မာ့ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့သူ လုပ်ငန်းရှင်တွေအနေနဲ့ အိန္ဒိယနိုင်ငံရဲ့ ပဲမျိုးစုံလက်ကျန်စတော့အခြေအနေနဲ့ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု အလားအလာတွေကို အနီးကပ်စောင့်ကြည့်ပြီး တင်ပို့မှုဗျူဟာတွေကို ပြင်ဆင်ထားသင့်ကြောင်း ကိုလ်ကတ္တားအခြေစိုက် မြန်မာစီးပွားရေးသံမှုးက တိုက်တွန်းထားပါတယ်။

**Source: BETV Business**

## AI နည်းပညာအခြေပြု MSME စက်မှုလုပ်ငန်းပြကွက်များ ပြသမည်




နေပြည်တော်မှာ ကျင်းပမဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်းပွဲတော်မှာ စိုက်ပျိုးမွေးမြူရေး ဒေသထွက်ကုန်ကြမ်းအခြေပြုတဲ့ စက်မှုကုန်ကြမ်းလုပ်ငန်းတွေ၊ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ AI နည်းပညာတွေကို အခြေပြုတဲ့ ပြကွက်တွေ ပြသသွားမယ်လို့ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက ပြောပါ တယ်။ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့ အနေနဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်း ပွဲတော်ကို နေပြည်တော်ရင်ပြင်မှာ ဖေဖော်ဝါရီ ၈ ရက်ကနေ ၁၃ ရက်အထိ ကျင်းပသွားမှာဖြစ်ပြီး ပြခန်းပေါင်း ၁၂၀ ကျော်နဲ့ ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချသွားမှာဖြစ်ပါတယ်။

ပွဲတော်မှာတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတွေကပြသတဲ့ ပြကွက်ပေါင်း ၁၉ ခု အပြင် Digital Corner ပြခန်းပါ ထည့်သွင်းပြသသွားမှာဖြစ်တယ်လို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောပါတယ်။ အခုလို ပြသတာဟာ MSME လုပ်ငန်းတွေကို ချဲ့ထွင်ပြီး ပြည်တွင်းဈေးကွက်မှာသာမက နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်တဲ့ နည်းပညာတွေ၊ AI နည်းပညာကိုအသုံးပြုပြီး MSME ထုတ်ကုန်တွေကို နိုင်ငံတကာဈေးကွက်ထိ ရောက်ရှိအောင် ဆောင်ရွက်နိုင်တဲ့ နည်းလမ်းတွေနဲ့ပတ်သက်တဲ့ ပြခန်းပြကွက်တွေကို ထည့်သွင်းပြသသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။




MSME ပြပွဲကို လာရောက်လေ့လာကြမဲ့ ပြည်သူတွေ၊ MSME စက်မှုကုန်ထုတ်လုပ်မှု လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့လုပ်ငန်းတွေနဲ့ သင့်လျော်တဲ့နည်းပညာတွေကို အွန်လိုင်းကတစ်ဆင့် တောင်းခံနိုင်အောင် QR Code ကို Scan ဖတ်ပြီး Message ပေးပို့ကာ မိမိတို့ ရယူလိုတဲ့ နည်းပညာတွေကို တောင်းခံနိုင်တယ်လို့ဆိုပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်းပွဲတော် (နေပြည်တော်) မှာ နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနဲ့ပြည်နယ် ကိုယ်စားပြုပြခန်းတွေ ဝန်ကြီးဌာန ပြခန်းတွေအပြင် စီးပွားရေးချိတ်ဆက်မှုတွေ၊ နည်းပညာပြခန်းနဲ့ လယ်ယာသုံးစက်ပစ္စည်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ပြခန်းတွေ ပါဝင်ပြသသွားမှာဖြစ်တယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com

## မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတား ဖွင့်လှစ်



ရန်ကုန်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားတဲ့ မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားကို ဖေဖော်ဝါရီ ၆ ရက်၊ မနက်ပိုင်းက ဖွင့်လှစ်လိုက်ပြီဖြစ်ပါတယ်။ဒီတံတားဖွင့်ပွဲကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်ပြီး ဖွင့်လှစ်ပေးတာဖြစ်ပါတယ်။

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ရေး လုပ်ငန်းတွေကတော့ (၂၀၁၉) ခုနှစ် ၊ မေလမှာ စတင်ခဲ့တာ ဖြစ်ပြီး ၇ နှစ်အကြာမှာ တံတားကို ဖွင့်လှစ်နိုင်ခဲ့တာဖြစ်ကာ မြန်မာနိုင်ငံရှိသံမဏိကြိုးဆိုင်း တံတားတွေအနက် အကြီးဆုံး နဲ့ အရှည်ဆုံးတံတား ဖြစ်လာမှာ ဖြစ်ပါတယ်။ဒီတံတားကို တန်ချိန် (၁၅၀၀၀) ရှိတဲ့ ပင်လယ်ကူး သင်္ဘောကြီးတွေနဲ့ ပြည်တွင်းရေကြောင်းသွား သင်္ဘောကြီးတွေ တံတားအောက်က ဖြတ်သန်းသွားလာနိုင်အောင်လို့ တံတားကင်းလွတ်အမြင့်ပေနဲ့ အကျယ်ပေတွေကို အမြင့်ဆုံးထားပြီး ချဉ်းကပ်တံတားနဲ့ ဆင်ခြေလျှောတံတားတွေကို နိုင်ငံတကာစံနှုန်းတွေနဲ့အညီ တွက်ချက်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။မြန်မာ–ကိုရီးယား ချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတားကို ကိုရီးယားနိုင်ငံ စီးပွားဖွံ့ဖြိုးမှု ရန်ပုံငွေချေးငွေနဲ့ အစိုးရ ထည့်ဝင်ငွေ အပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၈၈) သန်းကျော်လောက် အကုန်ကျခံပြီး တည်ဆောက်ခဲ့တာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒီတံတားရဲ့ တချို့နေရာတွေမှာ လမ်းအနိမ့်အမြင့် Gradient မတ်စောက်တာကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်အမျိုးအစားတချို့ကို ဒလတံတားပေါ်ဖြတ်သန်းခွင့် ကန့်သတ်သွားမယ်လို့လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက အသိပေးထားပါတယ်။အခုတံတားကြီး ဖွင့်လှစ်လိုက်တဲ့အတွက် ရန်ကုန်မြို့ကနေ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်တွေ၊ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ကနေတစ်ဆင့် ဖျာပုံ၊ ဘိုကလေးမြို့တွေနဲ့ ကမ်းခြေဒေသတွေကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မယ်လို့ သိရပါတယ်။ ဒီတံတားကြီးဖွင့်လှစ်နိုင်ခဲ့တာဟာ ဒေသတွင်း လူမှုရေး ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်လာပြီး ရန်ကုန်မြို့တော်ရဲ့အထင်ကရ ပြယုဂ် တံတားတစ်စင်းဖြစ်လာမှာဖြစ်သလို နိုင်ငံတကာတံတားသတ်မှတ်ချက် စံချိန်စံညွှန်းတွေနဲ့အညီ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

**Source: https://onenewstvchannel.com**

## မြေပဲဆန် ဈေးနှုန်းဈေးကွက်အခြေအနေ

ဖေဖော်ဝါရီလပထမပတ်တွင် မန္တလေးကုန်စည်ဒိုင်၌ မြေပဲဆန်များအဝင်နည်းပြီး ဈေးတက်လာကာ အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

မြေပဲဆန်ဈေးနှုန်းများမှာ S1လုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၉၅၀၀ မှ ၉၈၀၀၊ ယခင်တစ်ပတ် ကျပ် ၉၀၀၀ မှ ၉၈၀၀၊ ယခင်လကျပ် ၈၄၀၀ မှ ၉၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် အနိမ့်စ ၅၀၀ ကျပ် ဈေးမြင့်လာပြီး အမြင့်စ ဈေးငြိမ်နေကာ၊ ယခင်လထက်ကျပ် ၈၀၀ မှ ၁၁၀၀ ခန့်ဈေးမြင့်တက်လာသည်။

S1ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၈၅၀၀ မှ ၉၀၀၀၊ ယခင်တစ်ပတ် ကျပ် ၈၉၀၀ မှ ၉၁၀၀၊ ယခင်လ ကျပ် ၈၃၅၀ မှ ၈၅၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၄၀၀ ဈေးနိမ့်လာပြီး၊ ယခင်လထက် ကျပ် ၁၅၀ မှ ၅၀၀ ခန့် ဈေးမြင့်တက်လာသည်။

အနီလုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၈၇၀၀ မှ ၈၉၀၀၊ ယခင်တစ်ပတ် ကျပ် ၈၈၀၀ မှ ၉၀၀၀၊ ယခင်လ ကျပ် ၈၂၅၀ မှ ၈၃၅၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၀၀ ကျပ် ဈေးနိမ့်လာပြီး၊ ယခင်လထက် ကျပ် ၄၅၀ မှ ၅၅၀ ခန့် ဈေးမြင့်တက်လာသည်။

အနီဆီဆန်(ရှမ်း) တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၈၃၀၀ မှ ၈၅၀၀၊ ယခင်တစ်ပတ် ကျပ် ၈၁၀၀ မှ ၈၄၀၀၊ ယခင်လ ကျပ် ၇၈၀၀ မှ ၈၁၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၂၀၀၊ ယခင်လထက် ကျပ် ၄၀၀ မှ ၅၀၀ ခန့် ဈေးမြင့်တက်လာသည်။

ပြန့်ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၉၂၀၀ မှ ၉၅၀၀၊ ယခင်တစ်ပတ် ကျပ် ၉၃၀၀ မှ ၉၄၀၀၊ ယခင်လ ကျပ် ၈၅၅၀ မှ ၈၆၅၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၁၀၀ ကျပ်ခန့် အတက်အကျရှိပြီး၊ ယခင်လထက် ကျပ် ၆၅၀ မှ ၈၅၀ ခန့် ဈေးမြင့်တက်လာသည်။

**Source: မန္တလေးကုန်သွယ်မှုဇဟိုဌာန**

## တိုင်းရင်းဆေး ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းရှင် ၃၇၀၀ ကျော်ရှိ



ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှာ တိုင်းရင်းဆေးဝါးဥပဒေနဲ့အညီ လိုင်စင်ချထားရယူပြီး မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေတဲ့ လုပ်ငန်းရှင်ပေါင်း ၃၇၀၀ ကျော် ရှိတယ်လို့ တိုင်းရင်း ဆေးပညာဦးစီးဌာနက သိရပါတယ်။

မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချတဲ့သူတွေ အနေနဲ့ တိုင်းရင်းဆေးဝါး ဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှာ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားရယူပြီးမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်တယ်လို့ ဆိုပါတယ်။တိုင်းရင်းဆေးဝါး ဖြန့်ဖြူးရေးလုပ်ငန်းတွေ ပိုမိုတိုးတက်လာစေရေးနဲ့ ပြည်သူ့လူထုရဲ့ ကျန်းမာရေးတွေကို ပိုမိုစောင့်ရှောက်နိုင်ဖို့အတွက် တိုင်းရင်းဆေးဝါးဥပဒေနဲ့အညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးဝါး ဖြန့်ဖြူးရေးလုပ်ငန်းတွေကို တိုင်းရင်းဆေးဝါး မှတ်ပုံတင်မရှိဘဲ ထုတ်လုပ်တာတွေပြုလုပ်ရင် ထောင်ဒဏ် (၃)နှစ် ချမှတ်နိုင်ပြီး တိုင်းရင်းဆေးဝါးထုတ်လုပ်တဲ့ လိုင်စင်မရှိဘဲ ထုတ်လုပ်ရင်လည်း ထောင်ဒဏ် (၃)နှစ် ချမှတ်နိုင်တယ်လို့

TIR

သိရပါတယ်။ ဒါ့အပြင် မှတ်ပုံတင်နဲ့ထုတ်လုပ်လိုင်စင်နှစ်ခု စလုံးမရှိဘဲ ထုတ်လုပ်ရင်တော့ ထောင်ဒဏ် (၉)နှစ်အထိ ချမှတ်နိုင်တယ်လို့ ဆိုပါတယ်။ အဲဒါကြောင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချမဲ့ လုပ်ငန်းရှင်တွေအနေနဲ့ တိုင်းရင်းဆေးဝါး မှတ်ပုံတင် နဲ့ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်တွေကို အဓိကထားလျှောက်ထားဖို့ အရေးကြီးတယ်လို့လည်း သိရပါတယ်။

**Source: https://onenewstvchannel.com**

## ကာဇက်စတန်နိုင်ငံ၏ ကောက်ပဲသီးနှံတင်ပို့မှု မြင့်တက်



ကာဇက်စတန်နိုင်ငံသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် လက်ရှိဈေးကွက်ရာဖွေရေး နှစ်စတင်ချိန်မှစ၍ ကောက်ပဲသီးနှံ တန်ချိန် ၅ ဒသမ ၈ သန်း တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် တန်ချိန် ၁ သန်း သို့မဟုတ် ၂၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း စိုက်ပျိုးရေး ဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် သတင်းထုတ်ပြန် ခဲ့သည်။

ဝန်ကြီးဌာန၏ အဆိုအရ အဓိက ဒေသဆိုင်ရာဈေးကွက်များစွာသို့ တင်ပို့မှုများ သိသိသာသာ မြင့်တက်လာခဲ့သည်။

ဥဇဘက်ကစ္စတန်သို့ တင်ပို့မှုမှာ တန်ချိန် ၁ ဒသမ ၈၁၃ သန်းမှ ၂ ဒသမ ၇၀၂ သန်းအထိ ၄၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ကာဂျစ္စတန်သို့ တင်ပို့မှုမှာ တန်ချိန် ၉၅,၀၀၀ မှ ၁၆၃,၀၀၀ တန်အထိ ၇၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အာဖဂန်နစ္စတန်သို့ တင်ပို့မှုမှာ တန်ချိန် ၂၁၆,၀၀၀ မှ ၄၁၆,၀၀၀ တန်အထိ ၉၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဝန်ကြီးဌာနသည် လက်ရှိဈေးကွက်ရှာဖွေရေးနှစ်အတွင်း ကောက်ပဲသီးနှံတန်ချိန် ၁၃ သန်းတင်ပို့ရန် ၎င်း၏ပစ်မှတ်ကို ဆက်လက်ထိန်းသိမ်းထားကြောင်း သိရသည်။

**Source : Xinhua**

**DOCA (ရန်ကုန်)**

## အမေရိကန်နိုင်ငံသည် ဥရောပသမဂ္ဂ၊ ဂျပန်နှင့်မက္ကဆီကိုနိုင်ငံတို့နှင့် အရေးပါသည့် တွင်းထွက်သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခဲ့

အမေရိကန်နိုင်ငံသည် ဥရောပသမဂ္ဂနှင့်ဂျပန်နိုင်ငံတို့နှင့် အရေးပါသည့်တွင်းထွက်သတ္တုထုတ်လုပ်မှု ထောက်ပံ့ရေးကွင်းဆက်ခံနိုင်စွမ်းရှိစေရေးအတွက် လုပ်ငန်းအစီအစဉ်များရေးဆွဲရန်ရည်ရွယ်ကြောင်း အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ထုတ်ပြန်ချက်တွင် ယင်းလုပ်ငန်းအစီအစဉ်အောက်၌ အမေရိကန်၊ ဥရောပသမဂ္ဂနှင့်ဂျပန်တို့သည် အရေးပါသည့်တွင်းထွက်သတ္တုထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက်အပေါ်ဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်များကိုလျှော့ချနိုင်ရန် ချိန်ညှိထားသည့် ကြမ်းခင်းဈေးနှုန်းများကဲ့သို့သော ကုန်သွယ်ရေးမူဝါဒများနှင့်ယန္တရားများကို ပူးပေါင်းရေးဆွဲသွားမည်ဖြစ်ကြောင်း၊ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် Ambassador Jamieson Greer က "ယခုထုတ်ပြန်ချက်သည် ကမ္ဘာ့ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသည့် နိုင်ငံများအနေဖြင့် အရေးပါသည့်တွင်းထွက်သတ္တုကုန်သွယ်ရေးအတွက် စံနှုန်းသစ်များရေးဆွဲရန်ကတိကဝတ်ကို ဖော်ပြလျက်ရှိသည့် အချက်ပေးသံဖြစ်ကြောင်း၊ လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်းဖြင့် ရည်ရွယ်ချက်တူမိတ်ဖက်နိုင်ငံများနှင့် အရေးပါသည့်

တွင်းထွက်သတ္တုဆိုင်ရာ နိုင်ငံစုံသဘောတူညီချက်များပြုလုပ်နိုင်ရန် အခြေခံအုတ်မြစ်ချမှတ်ခြင်းလည်းဖြစ်ပါကြောင်း” ပြောကြားခဲ့ပါသည်။

အလားတူပင် အမေရိကန်နိုင်ငံသည် မက္ကဆီကိုနိုင်ငံနှင့်အမေရိကန်-မက္ကဆီကို အရေးပါသည့် တွင်းထွက်သတ္တုဆိုင်ရာ လုပ်ငန်းအစီအစဉ်ကို သီးခြားသဘောတူညီခဲ့ပြီး ယင်းလုပ်ငန်းအစီအစဉ်အရ အရေးပါသည့်တွင်းထွက်သတ္တု ထုတ်လုပ်မှု ထောက်ပံ့ရေးကွင်းဆက်အပေါ် ဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်များကို လျှော့ချနိုင်မည့်ချိန်ညှိထားသည့် ကြမ်းခင်းဈေးနှုန်းများ ကဲ့သို့သော ကုန်သွယ်ရေးမူဝါဒများနှင့် ယန္တရားများကို ပူးပေါင်းရေးဆွဲသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ပြုလုပ်ခဲ့သည့် အရေးပါသည့် တွင်းထွက်သတ္တုဆိုင်ရာဝန်ကြီးများ အစည်းအဝေး တွင် ဒုတိယသမ္မတ ဂျေ၊ ဒီ၊ ဗင့်စ်က မိန့်ခွန်းပြောကြားခဲ့ပြီး ဒုတိယသမ္မတက “မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်၍ အရေးပါသည့် တွင်းထွက်သတ္တုများကို ကမ္ဘာတစ်ဝှမ်းရှိဈေးကွက်အမျိုးမျိုးမှရရှိရန်ရည်ရွယ်ကြောင်း၊ မိတ်ဖက် နိုင်ငံများအကြား အရေးပါသည့်တွင်းထွက်သတ္တုဆိုင်ရာ ကုန်သွယ်မှုဇုန်များတည်ထောင်ရန်နှင့် ကြမ်းခင်းဈေးနှုန်းသတ်မှတ်ရန်၊ ယင်းဇုန်ပြင်ပနိုင်ငံများမှ သတ္တုများကို သွင်းကုန်ခွန်များချမှတ်ရန်ဖြစ်ကြောင်း၊ ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်းနှင့် သွင်းကုန်ခွန်ချမှတ်ခြင်းသည် တရုတ်နိုင်ငံမှ ဈေးသက်သာသည့်သတ္တုအညံ့များဝင်ရောက်မှုကို ကာကွယ်ရန်ဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံသည် မြေရှားသတ္တုသံလိုက် (Rare earth magnets)ထုတ်လုပ်ရာတွင် လိုအပ်သော အရေးပါသည့် တွင်းထွက် သတ္တုနှင့် မြေရှားသတ္တုကဏ္ဍကိုထိန်းချုပ်ထားပြီး တရုတ်နိုင်ငံက ယင်း Rare earth magnets ပို့ကုန်လိုင်စင်လိုအပ်ချက် အသစ်များထည့်သွင်းခဲ့ရာ မော်တော်ယာဉ်စက်ရုံမှအစ ကာကွယ်ရေးသုံးပစ္စည်းထုတ်စက်ရုံများအထိ ပစ္စည်းပြတ်လပ်ကာ လုပ်ငန်းများရပ်ဆိုင်းခဲ့ရသည်အထိ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် အမေရိကန်က အရေးပါသည့်တွင်းထွက်သတ္တု ထုတ်လုပ်မှုကဏ္ဍတွင် တရုတ်နှင့်ယှဉ်ပြိုင်နိုင်ရေး အခြားနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာခြင်းဖြစ်ပါသည်။

**Source: Office of the United States Trade Representative**

**Source: Wall Street Journal**

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

## STOCK EXCHANGE (6.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Feb. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,940 (Shares) | 72,031,400 (MMK) |

**Stock trading**

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +100 | +1.20% | 8,300 | 8,400 | 8,300 | 974 | 8,162,300 | 33,109,694 | 278,121 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 7,739 | 29,459,700 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +200 | +2.50% | 8,200 | 8,200 | 8,200 | 360 | 2,952,000 | 10,400,986 | 85,288 |
| FPB | 00004 | 2,900 | +100 | +3.57% | 2,800 | 2,900 | 2,800 | 8,774 | 25,123,900 | 29,664,613 | 86,027 |
| TMH | 00005 | 3,000 | -150 | -4.76% | 3,000 | 3,000 | 3,000 | 750 | 2,250,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 2,115 | 3,388,050 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 0 | 0 | 10,497,598 | 43,040 |
| MAEX | 00008 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 228 | 695,450 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 6th Feb. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 417.55 | +5.07 | +1.23% | 412.48 | 417.55 | 410.93 | 20,940 | 72,031,400 | 8 | 787,580 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 6th Feb. 2026

| Trading Volume | Trading Value |
|---|---|
| 21,000 (Shares) | 73,981,400 (MMK) |

### Main Board

As of 1:00 pm, 6th Feb. 2026

#### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 20,940 (Shares) | 72,031,400 (MMK) |

| MYANPIX | 417.55 ▲ 5.07 |
|---|---|
| Total Volume (shares) | 20,940 |
| Total Value (MMK) | 72 mil |
| Listed Company | 8 |
| Market Cap. (MMK) | 787,580 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 100 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 200 |
| FPB | 00004 | 2,900 | ▲ 100 |
| TMH | 00005 | 3,000 | ▼ 150 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,100 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 50 |